အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

# လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB INFORMATION SYSTEM) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များ ရှင်းလင်းခြင်း

လူမှုဖူလုံရေးအဖွဲ့
၂၉-၃-၂၀၁၈ (ကြာသပတေးနေ့)

# အကြောင်းအရာများ

၁။ ရည်ရွယ်ချက်

၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း

၃။ TOR တွင်ပါဝင်သည့် အကြောင်းအရာများ ရှင်းလင်းခြင်း

၄။ စီမံကိန်း ဖွဲ့စည်းဆောင်ရွက်မည့် ပုံစံရှင်းလင်းခြင်း

၅။ စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းအဆင့်များ ရှင်းလင်းခြင်း

၆။ စီမံကိန်း အချိန်ကာလ ရှင်းလင်းခြင်း

၇။ Evaluation Criteria များအား ရှင်းလင်းခြင်း

၈။ စီမံကိန်း ဆောင်ရွက်ရမည့်တည်နေရာ

၉။ BOM (Bill of Materials)

၁၀။ အခြားအကြံပြုချက်များ

၁၁။ ဆက်သွယ်ရမည့်လိပ်စာ

# ၁။ ရည်ရွယ်ချက်

(၁) လူမှုဖူလုံရေးအဖွဲ့၏သတင်းအချက်အလက်စနစ် (SSB Information System) အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ (၃) နှစ် စီမံကိန်းအနေဖြင့် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းနိုင်ရန် ရည်ရွယ်ပါသည်။

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း

| စဉ် | အကြောင်းအရာ | နေ့ရက်နှင့် အချိန်ကာလ |
| --- | --- | --- |
| (က) | တင်ဒါအား သတင်းစာတွင်ကြော်ငြာခြင်း | ၁၇-၃-၂၀၁၈ ရက်နေ့မှ ၂၀-၃-၂၀၁၈ ရက်နေ့အထိ |
| (ခ) | တင်ဒါပုံစံဝယ်ယူရမည့်ရက် | ၁၉-၃-၂၀၁၈ ရက်နေ့မှ ၂၈-၃-၂၀၁၈ ရက်နေ့ အထိ (ရုံးချိန်အတွင်း) |
| (ဂ) | လူမှုဖူလုံရေး အဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System) နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား အသေးစိတ် ရှင်းလင်းခြင်း | ၂၉-၃-၂၀၁၈ ရက်နေ့၊ (၁:၀၀) နာရီ |

## ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

| စဉ် | အကြောင်းအရာ | နေ့ရက်နှင့် အချိန်ကာလ |
|---|---|---|
| (ဃ) | တင်ဒါ အဆိုပြုလွှာများ တင်သွင်းရမည့် ရက် (Technical Proposal နှင့် Commercial Proposal များ) | ၁၁-၅-၂၀၁၈ ရက်နေ့ ၊ (ရုံးချိန်အတွင်း) |
| (င) | နည်းပညာဆိုင်ရာ တင်သွင်းလွှာများအား စိစစ်အကဲဖြတ်ခြင်း (ပဏာမကုမ္ပဏီများအား စိစစ်ရွေးချယ်ပါမည်။) (နည်းပညာဆိုင်ရာ ၇၀ % ရမှသာ ပဏာမ ကုမ္ပဏီအနေဖြင့် ရွေးချယ်ပါမည်။ ) | ၁၄-၅-၂၀၁၈ ရက်နေ့မှ ၂၅-၅-၂၀၁၈ ရက်နေ့ အထိ |
| (စ) | ပဏာမရွေးချယ်ထားသည့် ကုမ္ပဏီများမှ Presentation ပြုလုပ်ခြင်း (ကုမ္ပဏီတစ်ခုလျှင် ၂ နာရီ၊ Q&A အပါအဝင်) | ၄-၆-၂၀၁၈ ရက်နေ့မှ ၅-၆-၂၀၁၈ ရက်နေ့ အထိ ၆-၆-၂၀၁၈ ရက်နေ့ (အရံ) (၁၀:၀၀) နာရီ |

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

| စဉ် | အကြောင်းအရာ | နေ့ရက်နှင့် အချိန်ကာလ |
|---|---|---|
| (ဓ) | ပဏာမစိစစ် ရွေးချယ်ထားသော ကုမ္ပဏီများ၏ ဈေးနှုန်း တင်သွင်းလွှာများအား ဖွင့်ဖောက်ခြင်း နှင့် တင်ဒါစိစစ်ရွေးချယ် ခြင်း | ၁၁-၆-၂၀၁၈ ရက်နေ့ (၁၀:၀၀) နာရီ |
| (န) | တင်ဒါအောင်မြင်သော ကုမ္ပဏီအား အကြောင်းကြားခြင်းနှင့် ဝန်ကြီးဌာန website တွင်ကြေငြာခြင်း | ၁၄-၆-၂၀၁၈ ရက်နေ့ |

မှတ်ချက်။ ရက်အပြောင်းအလဲရှိပါက ကုမ္ပဏီများသို့ အချိန်မီ အကြောင်းကြားပေးပါမည်။

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

**တင်ဒါတင်သွင်းခွင့်ရှိသောကုမ္ပဏီများ**

(က) တင်ဒါတင်သွင်းသောကုမ္ပဏီများသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ အရတရားဝင်ဖွဲ့စည်းထားသော သက်တမ်းရှိကုမ္ပဏီ ဖြစ်ရပါမည်။

**တင်ဒါတင်သွင်းရန်အခြေခံညွှန်ကြားချက်များ**

(ခ) တင်ဒါတင်သွင်းရာတွင် နည်းပညာဆိုင်ရာအဆိုပြုလွှာနှင့် ဝန်ဆောင်မှုဆိုင်ရာအဆိုပြုလွှာ၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာများကို ရှင်းလင်းတိကျစွာထည့်သွင်း ဖော်ပြရန်၊

(ဂ) တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် သတ်မှတ်ထားသော တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် အချက်အလက်များကို သိရှိသဘောပေါက်နားလည်ရမည်ဖြစ်ပြီး တိကျစွာလိုက်နာဆောင်ရွက်ရန်၊

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

## တင်ဒါအာမခံကြေး

(က) တင်ဒါအာမခံကြေး ကျပ် ၁၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ) ကိုမြန်မာ့စီးပွားရေးဘဏ်၊နေပြည်တော်တွင် ငွေပေးသွင်းပြီးမှ PO cheque မူရင်းဖြင့်တင်ဒါ တင်သွင်းရပါမည်။

(ခ) တင်ဒါအနိုင်ရရှိသည့် ကုမ္ပဏီအား ထုတ်ပြန်ကြေငြာပြီးနောက် (၇) ရက်အတွင်း ကုမ္ပဏီများ၏ တင်ဒါအာမခံကြေးများကို ပြန်လည်ထုတ်ပေးသွားပါမည်။

(ဂ) တင်ဒါအနိုင်ရရှိသည့် ကုမ္ပဏီအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ရန် စာချုပ်ချုပ်ဆိုပြီးနောက် တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

## တင်ဒါတင်သွင်းခြင်း

(က) တင်ဒါကို ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်သို့လိပ်မူ၍ နည်းပညာဆိုင်ရာ အဆိုပြုလွှာ မူရင်း(၁)စုံ၊ မိတ္တူ(၂၀)စုံ နှင့် ငွေကြေးဆိုင်ရာအဆိုပြုလွှာ မူရင်း (၁) စုံတို့အား ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးမှ လက်မှတ်ရေးထိုး တင်သွင်းရန်၊

(ခ) တင်ဒါတင်သွင်းလွှာများကို ၂၀၁၈ ခုနှစ်၊ မေလ (၁၁) ရက်နေ့၊ (၁၆:၃၀) နာရီ နောက်ဆုံးတင်သွင်းရန်နှင့် တင်ဒါတင်သွင်းရာတွင် ကျပ်သိန်းတစ်ထောင်တိတိ ပေးသွင်းထားသော PO cheque မူရင်းကို ပူးတွဲတင်ပြရန်၊

(ဂ) တင်ဒါတင်သွင်းလွှာများကို စာအိတ်ဖြင့်ထည့်၍ တင်သွင်းရာတွင် နည်းပညာဆိုင်ရာအဆိုပြုလွှာနှင့် ဝန်ဆောင်မှုဆိုင်ရာ အဆိုပြုလွှာများကို စာအိတ်တစ်အိတ်တွင် ထည့်၍ သော်လည်းကောင်း၊ ငွေကြေးဆိုင်ရာ အဆိုပြုလွှာကို သီးခြားစာအိတ်တစ်အိတ်တွင် ထည့်၍ သော်လည်းကောင်း ချိတ်ပိတ်၍ တင်ဒါတင်သွင်းရန်၊ ချိတ်ပိတ်ထားမှု မရှိခြင်း၊ ပေါက်ပြဲနေခြင်း၊ e-Mail မှတဆင့် ပေးပို့လာသည့် တင်ဒါအဆိုပြုလွှာများအား လက်ခံမည်မဟုတ်ပါ၊

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

## တင်ဒါတင်သွင်းခြင်း

(ဃ) နည်းပညာဆိုင်ရာ အဆိုပြုလွှာတွင် မိမိတင်သွင်းထားသော နည်းပညာပစ္စည်းများ၏ Product Boucher များ၊ ယင်းစက်ပစ္စည်းများ၏ တီထွင်ထုတ်လုပ်ထားသည့် ကုမ္ပဏီများ၏ Corporate Profile များနှင့်တင်ဒါတင်သွင်းသည့် ကုမ္ပဏီ၏ Company Profile များအား ပူးတွဲတင်ပြရမည်။

## တင်ဒါအဆိုပြုဈေးနှုန်းတည်မြဲကာလ

(က) ကုမ္ပဏီများမှတင်သွင်းထားသော ငွေကြေးဆိုင်ရာအဆိုပြုလွှာတွင် ဖော်ပြထားသည့် လုပ်ငန်းတန်ဘိုးများ၏ ဈေးနှုန်းတည်မြဲကာလကို ရက်(၁၈၀) သတ်မှတ်သည်။

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

## တင်ဒါတင်သွင်းမည့်ကုမ္ပဏီ၏ အရည်အသွေးသတ်မှတ်ချက်

(က) တင်ဒါအား နိုင်မာသောပြည်တွင်း/ပြည်ပနည်းပညာ ကုမ္ပဏီသော်လည်းကောင်း၊ပြည်တွင်းနည်းပညာ ကုမ္ပဏီအချင်းချင်း ပူးပေါင်း၍သော်လည်းကောင်း ၊ ပြည်ပနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိသည့် နည်းပညာကုမ္ပဏီသော်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ကုမ္ပဏီများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ (သို့မဟုတ်) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုမှ အရည်အချင်းမပြည့်မီခြင်းနှင့် နာမည်ပျက်စာရင်းတွင်ကြေငြာခံထားရခြင်းမရှိစေရ။

(ဂ) တင်ဒါလမ်းညွှန်(TOR) ၏အခန်း(၈)၊ "အဆိုပြုလွှာများ၏အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်များ" တွင် အသေးစိတ် ဖော်ပြထားသည့် အချက်များပေါ်တွင် အခြေခံ၍ ထည့်သွင်းစဉ်းစား ရွေးချယ်သွားပါမည်။

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ပိုင်ခွင့်**

(က) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် ကုမ္ပဏီများမှတင်ဒါတင်သွင်းလာခြင်းအပေါ် သတ်မှတ်ချက်များနှင့် မကိုက်ညီသော ကုမ္ပဏီများကို အကျိုးအကြောင်း ဖော်ပြရန် မလိုအပ်ဘဲ ငြင်းပယ်ပိုင်ခွင့်ရှိပါသည်။

(ခ) တင်ဒါစိစစ်ရွေးချယ်ရာတွင် လုပ်ငန်းတန်ဘိုးကိုသာ ကြည့်ရှုဆုံးဖြတ်မည်မဟုတ်ဘဲတင်ဒါတင်သွင်းထားသော ကုမ္ပဏီ၏နည်းပညာမြင့်မားမှု၊ စီမံကိန်းများအကောင်အထည် ဖော်လုပ်ဆောင်နိုင်ခဲ့သည့် စီမံကိန်းမှတ်တမ်းများနှင့် သရုပ်ပြလုပ်ဆောင်နိုင်မှုများကို မူတည်၍ ဆုံးဖြတ်ရွေးချယ်သွားမည် ဖြစ်ပါသည်။

**တင်ဒါအနိုင်ရရှိသည့် ကုမ္ပဏီအားထုတ်ပြန်ကြေငြာခြင်း**

(က) တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်အနိုင်ရရှိသည့် ကုမ္ပဏီအား ဝန်ကြီးဌာန၏ Website (www.mol.gov.mm) တွင်ကြေငြာပေးသွားမည်ဖြစ်ပြီး ဖုန်း၊ e-mail တို့ဖြင့်လည်း ဆက်သွယ် အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။

# ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

## ငွေကြေးဆိုင်ရာအဆိုပြုလွှာတင်သွင်းရမည့်ပုံစံ

(က) တင်ဒါတင်သွင်းရာတွင် စီမံကိန်းအတွက် ကုန်ကျမည့် ငွေကြေးတန်ဘိုးများအား စီမံကိန်းလိုအပ်ချက်များအရ ငွေကြေးဆိုင်ရာ အဆိုပြုလွှာတွင် အတိအကျဖော်ပြတင်သွင်းရမည်။

(ခ) စီမံကိန်းအတွက်ကုန်ကျမည့် တန်ဘိုးများအားဖော်ပြရာတွင်တင်ဒါလမ်းညွှန်၏ (TOR) နောက်ဆက်တွဲ(ဃ) တွင် ဖော်ပြထားသည့် ပေးအပ်ရမည့် လုပ်ငန်းများစာရင်းအရ လုပ်ငန်းတစ်ခုချင်းအတွက် အသေးစိတ်တွက်ချက်၍ CommercialProposal.xlsx ၏စာမျက်နှာတိုင်းတွင် ကုမ္ပဏီမှတာဝန်ရှိသူမှ လက်မှတ်ရေးထိုး၍ သီးခြားစာအိတ် တစ်အိတ်တွင်ထည့်ပြီး၊ ချိတ်ပိတ်၍ တင်သွင်းရပါမည်။

## ၂။ တင်ဒါလုပ်ငန်းစဉ်များ ရှင်းလင်းခြင်း (အဆက်)

### တင်ဒါတင်သွင်းရာတွင်တင်ပြရမည့်စာရွက်စာတမ်းများ

(၁) တင်ဒါအဆိုပြုလွှာ

(၂) နည်းပညာဆိုင်ရာအဆိုပြုလွှာ

(၃) ငွေကြေးဆိုင်ရာအဆိုပြုလွှာ

(၄) စီမံကိန်းအကောင်အထည်ဖော်မည့်အစီအမံ

(၅) ကုမ္ပဏီ၏ဝန်ဆောင်မှုများ

(၆) ပူးတွဲစာတမ်းများ

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (ပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီအပါအဝင်)

(ခ) အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းများတွင် လုပ်ဆောင်ခဲ့သော စီမံကိန်းလုပ်ငန်းများစာရင်း

(ဂ) ကုမ္ပဏီ၏ဝန်ထမ်းအင်အားစာရင်း

(ဃ) မြန်မာ့စီးပွားရေးဘဏ်တွင် တင်ဒါအာမခံငွေသွင်းထားသော PO cheque မူရင်း

# ၃။ TOR တွင်ပါဝင်သည့် အကြောင်းအရာများ ရှင်းလင်းခြင်း

၁။ လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် အတွက် TOR အခန်း(၈)ခန်းနှင့် နောက်ဆက်တွဲများဖြင့် အပိုင်း(၂)ပိုင်း ပါရှိပါသည်-

(က) အခန်း(၁)။ လူမှုဖူလုံရေးအဖွဲ့၊ သတင်းအချက်အလက်စနစ် (SSB Information System) ဆောင်ရွက်မည့်ပုံစံအား မိတ်ဆက်ရှင်းလင်းခြင်း။

(ခ) အခန်း(၂)။ လိုအပ်ချက်များအကြောင်း အကြမ်းဖျင်း ဖော်ပြချက်။

(ဂ) အခန်း(၃)။ စီမံကိန်း စီမံခန့်ခွဲခြင်း။

(ဃ) အခန်း(၄)။ 'ဖြေရှင်းချက်' ဒီဇိုင်းဆိုင်ရာ သဘောတရားများ။

(င) အခန်း(၅)။ Application ၏ design ပုံစံ နှင့် ပတ်သက်သည့်သဘောတရား။

(စ) အခန်း(၆)။ နည်းပညာဆိုင်ရာ လိုအပ်ချက်များ။

(ဆ) အခန်း(၇)။ ဆောင်ရွက်ပြီးစီးရမည့်လုပ်ငန်းများ (Deliverables)

(ဇ) အခန်း(၈)။ အဆိုပြုလွှာများ၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်များ။

## နောက်ဆက်တွဲများ

(က) အတိုကောက်ဖွင့်ဆိုချက်များ (Abbreviations)

(ခ) အဖွဲ့အစည်းအကြောင်း (Organization Context)

(ဂ) လုပ်ငန်းလိုအပ်ချက်များ (Business Needs)

(ဃ) ဆောင်ရွက်ပြီးစီးရမည့်လုပ်ငန်းများ (Deliverables)

(င) Data center floor plan and setup

(စ) Data Center နှင့် Data Secondary Sites တို့တွင်ပါဝင်ရမည့် အစိတ်အပိုင်းများ၏ အသေးစိတ်အချက်အလက်များ (နမူနာ)

(ဆ) ရုံးချုပ်နှင့်ရုံးခွဲများ၊ ဆေးရုံကြီးများ၊ ဆေးခန်းများတွင်ချိတ်ဆက်မည့် Network Infrastructure and Security အတွက် အသေးစိတ် အချက်အလက်များ (နမူနာ)


(ဇ) Microsoft Software များ၏ အသေးစိတ်စာရင်း

(ဈ) Hardware Specification များ

(ည) ရုံးချုပ်နှင့်ရုံးခွဲများ၊ ဆေးရုံကြီးများ၊ ဆေးခန်းများ၏ လိပ်စာများ

(ဋ) စီမံကိန်း စီမံခန့်ခွဲမည့်အဖွဲ့၏ တာဝန်ဝတ္တရားများ

# ၄။ စီမံကိန်းဖွဲ့စည်းဆောင်ရွက်မည့်ပုံစံ ရှင်းလင်းခြင်း



# ၅။ စီမံကိန်း ဆောင်ရွက်မည့် လုပ်ငန်းအဆင့်များ ရှင်းလင်းခြင်း

၁။ သတင်းအချက်အလက်စနစ် (SSB Information System) ကို ထောက်ပံ့ပေးသွင်းသူ (Supplier) ဘက်မှ ပုံသေသတ်မှတ်ထားသည့် ဈေးနှုန်းများဖြင့် လုပ်ဆောင်ပေးအပ်ရမည့် အစိတ်အပိုင်းများ (Components)နှင့် ဝန်ဆောင်မှုများ (Services) အားလုံးကိုပေါင်း၍ 'ဖြေရှင်းချက်' (Solution) တစ်ခုအနေဖြင့် အကောင်အထည်ဖော်သွားပါမည်။

၂။ ဤ စီမံကိန်းတွင် အဆင့် (၄) ဆင့် ရှိ၍ အချိန်ကာလအားဖြင့် (၃)နှစ် ကြာမြင့်မည်ဖြစ်ပြီး အဆင့်တိုင်းတွင် ဆောင်ရွက်ပြီးစီးရမည့်လုပ်ငန်းများ (Deliveries) ပါရှိပါသည်။

၃။ 'ဖြေရှင်းချက်' စနစ်ကို Web နှင့် Mobile အခြေပြုဟူ၍ (၂) မျိုးရေးဆွဲသွားပြီး လူမှုဖူလုံရေးအဖွဲ့၏ အဆောက်အဦ (သို့မဟုတ်) အခြားသော အစိုးရအဆောက်အဦ တစ်ခုခုတွင်တပ်ဆင်ထားသည့် ဗဟိုဒေတာဌာန (Centralize Database) တစ်ခုကို အခြေခံ၍ အောက်ပါအတိုင်း တည်ဆောက်သွားပါမည်–

(က) Data Center တည်ဆောက်ခြင်း၊

(ခ) ပင်မလုပ်ငန်းစဉ်များ ရေးဆွဲခြင်း (Core business processes)

(ဂ) အာမခံစိစစ်ရေးကတ် ရိုက်နှိပ်ထုတ်ဝေခြင်း (Smart Card Printing)

(ဃ) Software Packages များ ချိတ်ဆက်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခြင်း

# အဆင့် (၁)။ စီမံကိန်း ပထမနှစ်

၁။ Project Management Plan ရေးဆွဲခြင်း

၂။ Project Design (Phase1) ရေးဆွဲခြင်း

၃။ Data Center အကောင်အထည်ဖော်ခြင်း၊

၄။ Network လိုင်းများချိတ်ဆက်ခြင်းနှင့် e-Mail စနစ်တပ်ဆင်ခြင်း

၅။ Software Infrastructure တပ်ဆင်ခြင်း (Microsoft .Net, MS Server, MS SQL, etc)၊

၆။ Business Intelligence နှင့် Reporting Infrastructure တပ်ဆင်ခြင်း၊

၇။ Data Conversion နှင့် Migration ပြုလုပ်ခြင်း၊

၈။ အလုပ်ရှာနှ/ အလုပ်သမား မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်၊

၉။ အာမခံစီစစ်ရေးကတ်(Smart Card)ထုတ်ပေးခြင်းလုပ်ငန်းစဉ်၊

၁၀။ Pilot Test စမ်းသပ်ခြင်း (မြို့နယ်နှစ်ခုတွင်)

# အဆင့် (၂)။ စီမံကိန်း ဒုတိယနှစ်

၁။ Project Design (Phase2) ရေးဆွဲခြင်း၊

၂။ နည်းပညာပိုင်းသာမက လုပ်ထုံးလုပ်နည်း ဆိုင်ရာကိစ္စရပ်များ ပါအကူအညီပေးနိုင်မည့် helpdesk ဖွဲ့စည်းထောက်ပံ့ပေးခြင်း၊

၃။ ထည့်ဝင်ကြေး ကောက်ခံခြင်း လုပ်ငန်းစဉ်၊

၄။ အကျိုးခံစားခွင့် ပြန်လည်တောင်းခံခြင်း လုပ်ငန်းစဉ်၊

၅။ အကျိုးခံစားခွင့်ပေးအပ်ခြင်း လုပ်ငန်းစဉ်၊

၆။ e-Money ဝန်ဆောင်မှု၊

၇။ ဆေးကုသမှု လုပ်ငန်းစဉ်၊

## အဆင့် (၃)။ စီမံကိန်း တတိယနှစ်


၁။ software package များ၏ ဒီဇိုင်းရေးဆွဲခြင်း၊

၂။ software package များနှင့် 'ဖြေရှင်းချက်' တစ်ခုလုံးနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်မည့် အချို့ application များ ဖြည့်စွက်ရေးဆွဲခြင်း၊ configuration ပြင်ဆင်ခြင်းများဆောင်ရွက်ခြင်း။

## ပြုပြင်ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းအဆင့်

၁။ SSB Information System စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးနှင့်ပြုပြင် ထိမ်းသိမ်းရေးတို့အား စီမံကိန်းကာလပြီးနောက် အများဆုံး(၅) နှစ်အထိ လိုအပ်ချက်အရ နှစ်စဉ်သက်တမ်းတိုး ဆောင်ရွက်ပေးခြင်း။

# ၆။ စီမံကိန်း အချိန်ကာလ ရှင်းလင်းခြင်း



# ၇။ Evaluation Criteria များအား ရှင်းလင်းခြင်း

၁။ အရည်အသွေးအကဲဖြတ်ချက် ရာနှုန်းတစ်ခုချင်းစီကိုအောက်တွင်ဖော်ပြထားသည်။ အရည်အသွေးပိုင်းအကဲဖြတ်မှုတွင် အနည်းဆုံး ၇၀% ရရှိမှသာ ဈေးနှုန်းယှဉ်ပြိုင်မည့် အဆင့်သို့ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

| စဉ် | အရည်အသွေး အကဲဖြတ်ချက် | ရာနှုန်း |
|---|---|---|
| ၁။ | ထောက်ပံ့ပေးသွင်းသူ၏ အဖွဲ့အစည်း | ၁၀ % |
| ၂။ | ထောက်ပံ့ပေးသွင်းသူ၏ လုပ်ငန်းအတွေ့အကြုံ | ၁၀ % |
| ၃။ | ထောက်ပံ့ပေးသွင်းသူ၏ နားလည်သဘောပေါက်မှုနှင့် အသုံးပြုမည့်နည်းလမ်း | ၂၅ % |
| | ကျွမ်းကျင်ဝန်ထမ်းများ တင်ပြနိုင်ခြင်း | |
| ၄။ | စီမံကိန်းမန်နေဂျာ | ၁၀% |
| ၅။ | ကျွမ်းကျင်ဝန်ထမ်းများ | ၄၀% |
| | စုစုပေါင်း | ၉၅ % |
| ၆။ | Presentation စွမ်းဆောင်ရည် (အနည်းဆုံးအရည်အသွေးပိုင်း အကဲဖြတ်ခြင်း သတ်မှတ်ချက်ကို ရောက်ရှိသည့် ထောက်ပံ့ပေးသွင်းသူများသာ) | ၅ % |
| | စုစုပေါင်း | ၁၀၀ % |

# ၈။ စီမံကိန်း ဆောင်ရွက်မည့် တည်နေရာ

၁။ သတင်းအချက်အလက်စနစ် (SSB Information System) အားစီမံကိန်းတစ်ခုအနေဖြင့် (၃) နှစ်တာကာလအတွင်း အကောင်အထည်ဖော်ရာတွင် လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ် (နေပြည်တော်) တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီ၏ Project Team ကိုလည်း Project Timeline အရ နေပြည်တော်တွင် ထားရှိရမည်ဖြစ်ပြီး၊ အထူးသဖြင့် Software Development Team အား လူမှုဖူလုံရေးအဖွဲ့မှ IT ဝန်ထမ်းများနှင့်အတူ Project ကာလတစ်လျှောက်လုံး ပူးတွဲလုပ်ဆောင်ရပါမည်။

# ၉။ BOM (Bill of Materials)

၁။ သတင်းအချက်အလက်စနစ် (SSB Information System) တွင်ထည့်သွင်းအသုံးပြုမည့် Hardware (PC, Laptop, Server, Telecommunication Components) များနှင့်ပတ်သက်၍ BOM (Bill of Materials) အား Appendix (L) တွင် ဖော်ပြထားသည့် ပုံစံအရ နည်းပညာဆိုင်ရာ အဆိုပြုလွှာတွင်တစ်ပါတည်း ထည့်သွင်းဖော်ပြရပါမည်-

- BOM for Hardware
- BOM for Server
- BOM for Telecommunication Components

# ၁၀။ အခြားအကြံပြုချက်များ

၁။ သတင်းအချက်အလက်စနစ် (SSB Information System) ၏ နည်းပညာဆိုင်ရာ အဆိုပြုလွှာအား တင်ပြရာတွင် TOR လိုအပ်ချက်များသာမက အခြားအကြံပြုချက်များရှိပါက ထည့်သွင်း တင်ပြနိုင်ပါသည်-

- ပင်မလုပ်ငန်းစဉ်အား အထောက်အကူပြုစေမည့် ပိုမိုကောင်းမွန်သည့် နည်းလမ်း
- နည်းပညာဆိုင်ရာ ပိုမို Advanced ဖြစ်သည့်နည်းလမ်း
- ပိုမိုသင့်လျော်သည့် နည်းလမ်း

# ၁၁။ ဆက်သွယ်ရမည့် လိပ်စာ

၁။ တင်ဒါခေါ်ယူဆောင်ရွက်မည့် စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်အချက် အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

လိပ်စာ - သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)

- အမှတ်-ဉ/၇၇၊ သီရိရတနာလမ်းနှင့် နေကြာ(၈) လမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း - ၀၆၇- ၃၄၁၇၉၂၅၊ ၃၄၁၇၉၅၁၊ ၃၄၁၇၉၅၂

ဖက်(စ်) - ၀၆၇- ၃၄၁၇၉၂၆

e-Mail - ssbitsection@gmail.com

# Site Survey ပြုလုပ်ခြင်း

၁။ သတင်းအချက်အလက်စနစ် (SSB Information System) အတွက် လက်တွေ့လုပ်ငန်းစဉ်များအား လေ့လာလိုပါက (Site Survey) လူမှုဖူလုံရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သွားရောက်လေ့လာလိုသည့် တည်နေရာ(ရုံးချုပ်၊ရုံးခွဲ၊ ဆေးရုံကြီး၊ ဆေးခန်း)အား အတိအကျဖော်ပြ၍ ssbitsection@gmail.com သို့(၂)ရက်ကြိုတင်၍ တင်ဒါအဆိုပြုလွှာ တင်သွင်းသည့်ရက် မတိုင်မီအထိ ပေးပို့တင်ပြ ခွင့်ပြုချက်တောင်းခံရပါမည်။

# Q&A

# ကျေးဇူးတင်ပါသည်။